**ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း ဂျပန်နိုင်ငံ Representative Director of Japan-Myanmar Cultural Industry Promotion Association၊ Secretary- General of the Japan-Myanmar Parliamentary Friendship League ဖြစ်သူ Mr. Hiromichi Watanabe အား Video Conferencing ဖြင့် တွေ့ဆုံ**

နေပြည်တော်၊ ဇူလိုင် ၇

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း သည် ဂျပန်နိုင်ငံ Representative Director of Japan-Myanmar Cultural Industry Promotion Association၊ Secretary- General of the Japan-Myanmar Parliamentary Friendship League ဖြစ်သူ Mr. Hiromichi Watanabe အား ၇-၇-၂၀၂၆ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ဆောင်၊ ဒုတိယထပ်၊ အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဂျပန်-မြန်မာ လွှတ်တော်အချင်းချင်း အတွေးသစ် အမြင်သစ်များ ဖလှယ်၍ ချစ်ကြည်ရေးအသင်း ဖွဲ့စည်းသွားနိုင်ရေးကိစ္စရပ်များ၊ ချစ်ကြည်ရေးအသင်းများ ဖွဲ့စည်းပြီးပါက အပြန်အလှန်နားလည်မှုရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ လွှတ်တော်အစည်းအဝေးများကျင်းပခြင်းအပေါ် လွှတ်တော်အချင်းချင်းအပြန်အလှန်အသိအမှတ်ပြု ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားလိုကြောင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။